ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ခွင့်ပြုထားသည့် (၄)ထပ်နှင့်အထက်အဆောက်အအုံအသစ်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာမှ တာဝန်ယူကြီးကြပ်ဆောင်ရွက်ခြင်းကို အောက်ပါအတိုင်း ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ပါသည်–

(၁) မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာကြီးကြပ်ခြင်းရှိ/မရှိ

(၂) ခွင့်ပြုမိန့်ဆိုင်းဘုတ်အား မြင်သာသောနေရာတွင် စနစ်တကျတပ်ဆင်ထားခြင်းရှိ/မရှိ

(၃) ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို စည်းကမ်းမဲ့စုပုံခြင်းရှိ/မရှိ

(၄) ရေစီးရေလာအနှောင့်အယှက်မရှိစေရေး ဆောင်ရွက်ထားခြင်းရှိ/မရှိ

(၅) လုံခြုံရေးပိုက်ကာရံထားခြင်းရှိ/မရှိ

(၆) ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာပစ္စည်းများ ထားရှိခြင်းရှိ/မရှိ

(၇) လုပ်ငန်းခွင်၌ ခွင့်ပြုစာ၊ ခွင့်ပြုပုံစံ၊ စစ်ဆေးချက်မှတ်တမ်းစာအုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းများထားရှိခြင်းရှိ/မရှိ

(၈) ခွင့်ပြုမိန့်သက်တမ်းကျော်လွန်ခြင်းရှိ/မရှိ

(၉) သတ်မှတ်အလုပ်ချိန်အတွင်း ဆောင်ရွက်ခြင်းရှိ/မရှိ

(၁၀) အဆောက်အအုံသစ်ဆောက်လုပ်ခြင်းအတွက် ပန္နက်ပုံစံ၊ ခုံတုံးအမြင့်၊ အဆောက်အအုံအတိုင်းအတာ၊ အမြင့်နှင့်မြေချန်တို့ကို ခွင့်ပြုပုံစံပါအတိုင်း ဆောင်ရွက်ခြင်းရှိ/မရှိ

(၁၁) Deep Excavation, Piling Work, Retaining Wall လုပ်ငန်းနှင့် Semi Basement များ ပါရှိပါက ခွင့်ပြုပုံစံပါလုပ်ငန်းစဉ်အတိုင်းဆောင်ရွက်ခြင်းရှိ/မရှိ

(၁၂) အဆောက်အအုံသစ်ဆောက်လုပ်ရာတွင် ခွင့်ပြုပုံစံပါ Structure အတိုင်း ဆောင်ရွက်ခြင်းရှိ/မရှိ